**BURMESE AMERICAN MUSLIMS ASSOCIATION**
(818) 649 9049 | info@ba-ma.org | www.ba-ma.org

ကြေညာချက်အမှတ် ၂/၂၀၁၆ ရက်စွဲ ။ ဇွန်လ ၂၄ ရက်၊ ၂၀၁၆ ခုနှစ်

၁။ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာရှိ အစ္စလာမ်ဘာသာဝင်များ၏ ဝတ်ပြုရာဗလီ၊ စာသင်ကျောင်းတစ်ခုနှင့် မွတ်ဆလင်ပိုင်အိမ်အချို့ကို ဗုဒ္ဓဘာသာအကြမ်းဖက်အုပ်စု တစ်စုက ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ဝိုင်းဝန်းတိုက်ခိုက် ဖျက်ဆီးလိုက်ကြကြောင်း သတင်းရရှိပါသည်။

၂။ ထို့အပြင် ရွာရှိမွတ်ဆလင်မိသားစုများအားလုံးလည်း အခင်းဖြစ်လျှင်ဖြစ်ချင်း မိမိတို့၏အသက်ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရပြီး ရဲစခန်းတစ်ခုနှင့် လျှို့ဝှက်နေရာများတွင် ပုန်းအောင်းနေကြရကြောင်းလည်း သိရှိရပါသည်။

၃။ နိုင်ငံတွင်း တရားဥပဒေစိုးမိုးရေးသည် နံပါတ်တစ်လုပ်ဆောင်ရမည့်အရာဖြစ်သည်ဟု ကြွေးကြော်ပြီး တက်လာသော ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD အစိုးရ၏ အပြောနှင့်အလုပ်ညီ၊ မညီကို ဤဖြစ်ရပ်ကိုကိုင်တွယ်ပုံက သက်သေပြမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

၄။ အစိုးရတစ်ခု၏ ပထမဦးဆုံးတာဝန်သည် ယင်း၏နိုင်ငံသားများအား လူမျိုး၊ အသားအရောင်၊ ဘာသာ မခွဲခြားပဲ တစ်ပြေးညီ အကာအကွယ်ပေးရန်ပင်ဖြစ်၏။

၅။ ဤဖြစ်ရပ်မျိုးသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးမဟုတ်ပဲ ပြည်တွင်းရှိ အစ္စလာမ်မုန်းတီးရေးအဖွဲ့များက တိုင်းပြည်ကိုစစ်အုပ်ချုပ်ရေးအောက်သို့ပြန်ပို့လိုသည့် အဖွဲ့(များ)၏ အစီအမံဖြင့် လုပ်ဆောင်နေကြသည်ကို ယခုအခါ တစ်ကမ္ဘာလုံးအသိပင် ဖြစ်နေပြီဖြစ်၏။

၆။ ထို့အပြင်၊ မြန်မာအစိုးရအနေဖြင့် နိုင်ငံသားတိုင်း၏ Identities သတ်မှတ်ချက်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လေးစားစွာအသိအမှတ်ပြုရန်လည်း လိုအပ်နေပေသည်။ လူတစ်ဦး(သို့မဟုတ်) အုပ်စုတစ်စု (သို့မဟုတ်) လူမျိုးတစ်မျိုးက မိမိတို့ကိုယ်မိမိ ယင်းတို့၏မွေးရာပါအခွင့်အရေးအရ သတ်မှတ်ခေါ်ဝေါ်သည့် မည်သည့်အမည်နာမကိုမဆို လေးစား၊ အသိအမှတ်ပြုရန်လိုသကဲ့သို့ ယင်းအတိုင်းခေါ်ဝေါ်သုံးစွဲရန်လည်း လိုအပ်လှပေသည်။

၇။ သို့ပါ၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဤရာဇဝတ်မှုကို ကျူးလွန်သူများ၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသော ဘာသာရေးအစွန်းရောက် မဘသ အဖွဲ့နှင့် ယင်း၏ ကျောထောက်နောက်ခံအဖွဲ့အစည်း(များ)အားလုံးကို အမြန်ဆုံး ရှာဖွေဖော်ထုတ်၊ ဖမ်းဆီး၊ အရေးယူပြီး ကျူးလွန်ခံရသူတို့၏ နစ်နာဆုံးရှုံးမှုများကို တရားဥပဒေအရ ကုစားပေးရန် ကျွန်ုပ်တို့၏ မြန်မာအမေရိကန်မွတ်စလင်မ်အသင်းကြီး (BAMA)က အလေးအနက် တောင်းဆိုလိုက်သည်။

စောလှိုင်
ဥက္ကဋ္ဌ
မြန်မာအမေရိကန်မွတ်စလင်မ်အသင်းကြီး(BAMA)